မြန်မာနိုင်ငံတွင်း

# စစ်ရာဇဝတ်မှုကျူးလွန်မှုများ

## အမြန်ဆုံးရပ်တန့်ရန် အမျိုးသမီးများက တောင်းဆိုခြင်း




အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)


၏

သဘောထားရပ်တည်ချက် စာတမ်း

လုံခြုံရေးကောင်စီ၊ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀) ချမှတ်ခဲ့သည့်
၆ နှစ် မြောက် နှစ်ပတ်လည် အစည်းအဝေး

၂၃ – ၂၇ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်

### မြန်မာနိုင်ငံတွင်း

# စစ်ရာဇဝတ်မှုကျူးလွန်မှုများ

### အမြန်ဆုံးရပ်တန့်ရန် အမျိုးသမီးများက တောင်းဆိုခြင်း

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

၏

သဘောထားရပ်တည်ချက် စာတမ်း

လုံခြုံရေးကောင်စီ၊ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀) ချမှတ်ခဲ့သည့်
၆ နှစ် မြောက် နှစ်ပတ်လည် အစည်းအဝေး

၂၃ – ၂၇ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်

# မြန်မာနိုင်ငံတွင်း စစ်ရာဇဝတ်မှုကျူးလွန်မှုများ အမြန်ဆုံးရပ်တန့်ရန် အမျိုးသမီးများက တောင်းဆိုခြင်း

*အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ သဘောထားရပ်တည်ချက် စာတမ်း*
*လုံခြုံရေးကောင်စီ၊ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀) ချမှတ်ခဲ့သည့် ဖြနှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး*
*၂၃ – ၂၇ အောက်တိုဘာလ၊ ၂၀၀၆ခုနှစ်။*

မြန်မာစစ်အစိုးရသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်မှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဒေါ) ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် စီဒေါ စာချုပ်ပါ အချက်များအတိုင်း အမျိုးသမီးများနှင့်ကလေးများ၏ လူ့အခွင့်အရေးကို ကာကွယ်ဆောင်ရွက်သွားရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားပြီး ဖြစ်ကြောင်း စစ်အစိုးရက ကြေညာ ပြောဆိုခဲ့သည်။

ထို့အပြင်၊ စစ်အစိုးရက "မြန်မာအမျိုးသမီးများသည် လူ့ယဉ်ကျေးမှု စတင်ထွန်းကားလာချိန် မှစ၍ ယောကျ်ားများနှင့် တန်းတူအခွင့်အရေးများ ရရှိခံစားနေရ ကြောင်း" ကုလသမဂ္ဂ အစည်းအဝေးများ၌ အစဉ်တစိုက် ပြောဆိုနေခဲ့သည်။ *၂၀၀၀ ခုနှစ် အမျိုးသမီးများ – ၂၁ရာစုအတွက် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး (ဘေဂျင်း ညီလာခံ ၅ နှစ်မြောက်)* ဟု အမည်ရသော ၂၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထူးအစည်းအဝေးတွင် စစ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသားတဦးက "မြန်မာနိုင်ငံတွင်းမှာ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေအပေါ် အကြမ်းဖက်မှုဆိုတာဟာ အရေးတကြီး ပြဿနာတခုအဖြစ် ရှိမနေပါဘူး။" ဟု ပြောခဲ့သည်။ ထို့ပြင် ၎င်းက "*အစိုးရသည် နိုင်ငံတော်ကို ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုများရအောင် ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း*" ပြောဆိုခဲ့ကာ "*အေးချမ်းတည်ငြိမ်၍ တိုးတက်ဖွံ့ဖြိုးလာသော အခြေအနေအောက်တွင် နိုင်ငံတော်မှ အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးများ ပိုမိုရရှိရေးအတွက် ဆထက်တပိုး ဆောင်ရွက်ရန် အာမခံကြောင်း*" ဆက်လက် ပြောကြားခဲ့သည်။

ထို့ပြင် ယခင်လက ကျင်းပခဲ့သော လူ့အခွင့်အရေးကောင်စီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် စစ်အစိုးရ၏ အခြားကိုယ်စားလှယ်တဦးက *"မြန်မာနိုင်ငံသည် စစ်ဖြစ်နေသော တိုင်းပြည်တခုမဟုတ်၊ တည်ငြိမ်အေးချမ်းနေသော တိုင်းပြည်ဖြစ်သည်"*ဟု ထပ်မံပြောဆိုလိုက်သည်။ ၂၀၀၅ ခုနှစ်တွင် ကျင်းပခဲ့သော ကုလသမဂ္ဂ၏ အမျိုးသမီးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အလွတ်သဘော ဆွေးနွေးပွဲတွင် မြန်မာစစ်အစိုးရက ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပြီး ၎င်းတို့ အနေဖြင့် အမျိုးသား ပြန်လည်သွေးစည်းညီညွတ်မှုကို မကြာမီက ရရှိခဲ့ပြီး အမျိုးသား ညီလာခံတွင်လည်း အမျိုးသမီးများ တက်ကြွစွာ ပါဝင်နေပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။ သို့သော် ကုလသမဂ္ဂက ယင်းညီလာခံသည် အဓိပ္ပါယ်ကင်းမဲ့၍ ဒီမိုကရေစီနည်း မကျသောကြောင့် အလုပ်မဖြစ်နိုင်ဟု ဝေဖန်ခဲ့သည်။

အမှန်စင်စစ် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ စစ်အစိုးရက ပြောဆိုနေသည်များနှင့် လုံးဝကွာခြားနေပါသည်။ စစ်အစိုးရ၏ ထိုးစစ်ဆင်မှုများနှင့် နိုင်လိုမင်းထက် ပြုကျင့်မှုများက အမျိုးသမီးများအား ဆက်လက်၍ ဆိုးဝါးသော ဒုက္ခများကို ခံစားနေစေပါသည်။

## လက်နက်ကိုင်ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်နေမှု

စစ်အစိုးရအဆက်ဆက်နှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခမှာ ယခုအချိန်၌ ရာစု နှစ်ဝက်ကျော် ကြာမြင့်နေပြီဖြစ်သည်။

စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစုများအား "သောင်းကျန်းသူ" ဟု အမည်တပ်၍ ၎င်းတို့အပေါ် စစ်ရာဇဝတ်မှုများ ဆက်လက် ကျူးလွန်လျက်ရှိသည်။ အမှန်မှာ ၎င်းတို့သည် တန်းတူညီမျှရေးနှင့် လွတ်လပ်ရေး (အချုပ်အချယ်မှ လွတ်ကင်းရေး) ကို တောင်းဆိုနေကြသူများသာ ဖြစ်သည်။ စစ်အစိုးရ၏ တန်ပြန်စစ်ဆင်မှုများက တိုင်းရင်းသားလူမျိုးစုများ၏ လှုပ်ရှားမှုများကို နှိမ်နင်းရန်အတွက် အရပ်သားများအပေါ် တမင်သက်သက် ပစ်မှတ်ထား ဆောင်ရွက်နေသည်။ အများအားဖြင့် စစ်အစိုးရကျင့်သုံးသော"ဖြတ်လေးဖြတ် စစ်ဆင်ရေးနည်းဗျူဟာ"တွင် စစ်လက်နက်သဖွယ်သုံးသည့် အစီအစဉ်ချ မုဒိမ်းကျင့်မှုများ၊ မြေလှန်ဖျက်ဆီးစစ်ပရိယာယ်များ သုံး၍ ကျေးရွာများအား အတင်း အဓမ္မနေရာပြောင်းရွှေ့မှုနှင့် ဖျက်ဆီးပစ်မှုများ ပါဝင်နေသည်။

စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလူမျိုးစုတပ်ဖွဲ့များ၏ နယ်မြေ များတွင်ပင် စစ်အစိုးရ၏ တပ်ဖွဲ့များက အရပ်သားများအပေါ် စစ်ရာဇဝတ်မှုများကို ဆက်လက် ကျူးလွန်နေကြသည်။ ထို့ပြင် စစ်အစိုးရက နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန်ကို ရှောင်ဖယ်နေ သည့်အပြင်၊ ၂၀၀၅ ခုနှစ်မှ စ၍ ၎င်းအဖွဲ့များအား လက်နက်ချရန် ဖိအားပေးနေသောကြောင့် လက်နက်ကိုင် တိုက်ပွဲများ ပြန်ဖြစ်လာစေရန် တွန်းပို့သည့် ခြိမ်းခြောက်မှုများလည်း တည်ရှိ နေပေသည်။

၂၀၀၅ ခုနှစ် နိုဝင်ဘာလက စ၍ စစ်အစိုးရသည် ကရင်ပြည်နယ်အတွင်းသို့ အကြီးအကျယ် ထိုးစစ်ဆင်ခဲ့ရာ၊ ထိုစစ်ဆင်ရေးများသည် ကျန်ရှိနေသော လက်နက်ကိုင် အင်အားစုများအနက်မှ အကြီးဆုံးဖြစ်သည့် ကရင်အမျိုးသား အစည်းအရုံး (ကေအဲန်ယူ) ကို ရည်ရွယ် ထိုးစစ်ဆင်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ကေအဲန်ယူနှင့် စစ်အစိုးရတို့ အကြား ရရှိခဲ့သည့် နှုတ်ကတိ သဘောတူညီချက်အရ တိုက်ခိုက်မှုများ ရပ်စဲရမည့်အစား စစ်အစိုးရက ကေအဲန်ယူ နယ်မြေများအတွင်းသို့ ဆက်လက်ထိုးစစ်ဆင်ခဲ့သည်။ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ စစ်အစိုးရ၏ လက်ရှိ တိုက်ခိုက်နေသော ထိုးစစ်သည် ၁၉၉၇ ခုနှစ် နောက်ပိုင်း ထိုးစစ်များထဲမှ အပြင်းထန်ဆုံး ဖြစ်၍ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးများအပါအဝင် အရပ်သားများ အပေါ် ဆိုးဆိုးဝါးဝါး ထိခိုက်စေခဲ့ရာ၊ ယနေ့ထိ အနည်းဆုံး အရပ်သား နှစ်သောင်းကျော် ကရင်ပြည်နယ် စစ်ပွဲဖြစ်ပွားရာ နယ်မြေများကို စွန့်ခွာ၍ ထွက်ပြေးနေကြရသည်။ ထို့ပြင် စစ်အစိုးရ၏ တိုက်ခိုက်မှုများက ပြည်တွင်းတွင် လှည့်လည်ပုန်းအောင်းနေကြသော နေရာအိုးအိမ်မဲ့ ဒုက္ခသည်များနှင့် ထိုင်းနိုင်ငံတွင်းသို့ ထွက်ပြေးလာနေသော ဒုက္ခသည်ဦးရေကို ပို၍ တိုးမြင့်နေစေသည်။

## စစ်အင်အားတိုးချဲ့ချထားမှု

စစ်အစိုးရက ပုန်ကန်မှုများအား ချေမှုန်းရန်ဟူသော မူမမှန်သည့် အကြောင်းပြချက်ဖြင့် တိုင်းရင်းသား ပြည်သူများ၏ တန်းတူညီမျှရေးအတွက် တရားဝင် တောင်းဆိုမှုကို နှိမ်နင်းရန်အတွက် စစ်တပ်များကို တိုးချဲ့ချထားနေသည်။ လက်ရှိ မြန်မာစစ်တပ်တွင် စစ်အင်အား ငါးသိန်း ခန့်ရှိပြီး နိုင်ငံ့အသုံးစရိတ်၏ ၄၀ ရာခိုင်နှုန်းကျော်ကို စစ်တပ် တည်ဆောက်ရေးအတွက် သုံးစွဲနေသည်။ စစ်အစိုးရ၏ စစ်လက်နက်တင်သွင်းမှုသည် အခြားကုန်ပစ္စည်း တင်သွင်းမှုနှင့် နှိုင်းယှဉ်ပါက၊ (၅) ဆကျော်ရှိကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်မှ ထုတ်ပြန်သည့် စာရင်းဇယားတွင် ဖေါ်ပြထားသည်။ စစ်အစိုးရအား အဓိက စစ်လက်နက်ပစ္စည်းများ ထောက်ပံ့ပေးနေသော နိုင်ငံများမှာ တရုတ်၊ ပါကစ္စတန်၊ အစ္စရေး၊ စင်္ကာပူ၊ ယူကရိန်း၊ ရုရှနှင့် အိန္ဒိယတို့ ဖြစ်ကြသည်။

ပိုမိုဆိုးရွားသည့်အချက်မှာ မြောက်ကိုရီးယားက စစ်အစိုးရအား အနုမြူဆိုင်ရာ နည်းပညာများဖြင့် ပံ့ပိုးပေးနေကြောင်း သတင်းများ ရရှိနေခြင်းဖြစ်သည်။[၁] ၂၀၀၃ ခုနှစ်က မြောက်ကိုရီးယားက မြန်မာရေတပ်သင်္ဘောအချို့တွင် *မြေပြင်မှ မြေပြင်ပစ်* ဒုံးကျည်များ တပ်ဆင်ပေးရန် ပညာရှင်တဖွဲ့ကို ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ ယင်းနှစ်တွင်ပင် မြောက်ကိုရီးယားက မြန်မာနိုင်ငံတွင် အနုမြူခါတ်ပေါင်းဖို တည်ဆောက်ရန် အထောက်အပံ့များပေးခဲ့ကြောင်း သတင်းရရှိသည်။ ယခုနှစ် အောက်တိုဘာလ (၁၂) ရက်နေ့၏ အေပီသတင်းဌာနမှ ဆောင်းပါးတပုဒ်တွင် မြန်မာနိုင်ငံသည် "ပြုံယမ်း (မြောက်ကိုရီးယားအစိုးရ) က သမရိုးကျ စစ်လက်နက်များဖြစ်သည့် ခရုဇ် ဒုံးကျည်နှင့် အခြားစစ်လက်နက်ပစ္စည်းများ ရောင်းချရေး သဘောတူညီချက်များ ရရှိနေသည့် နိုင်ငံတခုအဖြစ် ယုံကြည်ရကြောင်း" ဖေါ်ပြခဲ့သည်။ ယင်းသတင်းဆောင်းပါးက စစ်အစိုးရ အနေဖြင့် အနုမြူလက်နက် တည်ဆောက်လာနိုင်ဘွယ်ရာ ရှိသည်ဟူသော စိုးရိမ်မှုများကို မြင့်တက်စေခဲ့သည်။

## လက်ရှိ ဖြစ်ပျက်နေသော အစီအစဉ်ချ ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးပြုန်းတီးမှု ဆိုင်ရာ ရာဇဝတ်မှုများ

စစ်အစိုးရ၏ စစ်အင်အားတိုးချဲ့ချထားရေးပေါ်လစီက မုဒိမ်းမှု၊ လိင်ကျွန်ပြုမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ အစုလိုက် အပြုံလိုက် နေရာပြောင်းရွှေ့မှု၊ အဓမ္မလုပ်အားပေးစေခိုင်းမှုနှင့် ရုံးတင်စစ်ဆေးခြင်းမရှိဘဲ သတ်ဖြတ်မှုများ အပါအဝင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးပြုန်းတီးမှုဆိုင်ရာ ရာဇဝတ်မှု များကို ပိုမိုကျယ်ပြန့်စွာ ဖြစ်ပေါ်နေစေသည်။ ၁၉၉၁–၁၉၉၂ မှစတင်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်သို့ တင်သွင်းသောအစီရင်ခံစာများတွင် စစ်အစိုးရက ကျူးလွန်နေသော ဆိုးဝါးလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ပတ်သက်သော သက်သေထွက်ဆိုချက် အမြောက်အများ ပါဝင်ခဲ့သည်။

စစ်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများကြောင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေများ ပိုမိုဆိုးဝါးလာနေသည်။ ယင်းမူဝါဒများက နိုင်ငံခြားဝင်ငွေရရှိရေးကို အလေးထား

[၁] စစ်အစိုးရသည် မြောက်ကိုရီးယားထံမှ ၁၉၉၀ခုနှစ်တွင် လက်နက်ငယ်ကျည်ဆံများ ဝယ်ယူခဲ့၍ ၁၉၉၈ ခုနှစ်က ၁၃၀ မီလီမီတာ အမြောက် ၁၆ လက်ဝယ်ယူခဲ့သည်။

နေပြီး တိုင်းရင်းသားလူမျိုးစု ဒေသများတွင် သဘာဝသယံဇာတများအား အမြတ်ထုတ် ရောင်းချကာ ရရှိသော နိုင်ငံခြားငွေများဖြင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူ၍ စစ်အင်အားကို တိုးမြင့်တည်ဆောက်နေသည်။ အထူးသဖြင့် မဟာစွမ်းအင်စီမံကိန်းများကို စစ်အစိုးရက လုပ်ဆောင်နေပြီး၊ ထိုစွမ်းအင်ကို နိုင်ငံခြားငွေရရှိရန်အတွက် အိမ်နီးချင်းတိုင်းပြည်များထံ ရောင်းချနေသည်။ ယင်းစီမံကိန်းများကို ကာကွယ်ရန် စစ်အင်အားများ တိုးချဲ့ချထားခြင်းကြောင့်၊ စစ်အစိုးရတပ်ဖွဲ့ဝင်များ၏ ဒေသခံပြည်သူများအပေါ် အဓမ္မပြုကျင့်မှုနှင့် အတင်းအကျပ် နေရာပြောင်းရွှေ့မှုစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပိုမိုများပြားလာနေသည်။ ယင်းစီမံကိန်းများတွင် မြန်မာနိုင်ငံတောင်ပိုင်းမှ ရတနာနှင့် ရဲတံခွန် သဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်းနှင့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် အကြီးစားရေအား လျှပ်စစ်စီမံကိန်း (၄) ခုတို့ ပါဝင်သည်။ ထို့ပြင် မြန်မာနိုင်ငံအနောက်ဖက်ကမ်းခြေဒေသမှ နောက်ဆုံးတွေ့ရှိထားသော ရွှေသဘာဝဓါတ်ငွေ့တွင်းမှ ပိုက်လိုင်းတည်ဆောက်မည့် စီမံကိန်းလည်း ပါဝင်သည်။ ယင်းစီမံကိန်းတွင် တောင်ကိုရီးယားမှ ဒေဝူးကုမ္ပဏီအပါအဝင် အခြားနိုင်ငံခြား ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံထားကာ ယင်းစီမံကိန်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ ပြည်သူများ လူ့အခွင့်အရေးချိုးဖောက်မှုများကို ပို၍ ခံစားနေကြရသည်။

## အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ထိခိုက်စေမှု

### စစ်အစိုးရက စစ်အသုံးစရိတ်အပေါ် ဦးစားပေးနေမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ

စစ်အစိုးရက နိုင်ငံတော်အသုံးစရိတ်ကို စစ်တပ်အတွက် ဦးစားပေးသုံးစွဲနေမှုကြောင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ လူမှုရေးကဏ္ဍများကို ဆိုးဝါးစွာ ထိခိုက်နေစေပါသည်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် စစ်အစိုးရက နိုင်ငံသားတဦးအတွက် တနှစ်လျှင် တစ်ဒေါ်လာပြည့်အောင် သုံးစွဲခြင်းမရှိပေ။[၂] ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ သုံးသပ်ချက်အရ ကမ္ဘာ့နိုင်ငံပေါင်း (၁၉၁) နိုင်ငံ အနက်၊ မြန်မာနိုင်ငံသည် ကျန်းမာရေးစနစ် လုပ်ငန်းဆောင်ရွက်ချက် အဆင့် (၁၉၀) ၌ ရောက်နေသည်။

စစ်အစိုးရသည် လူထုဝန်ဆောင်မှုလုပ်ငန်းများအတွက် နိုင်ငံအသုံးစရိတ်ငွေကို မဆိုစလောက်သာ သတ်မှတ်ထားသည့် အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ ဆိုင်ရာအဖွဲ့အစည်းများ၏ ကျန်းမာရေးနှင့် လူမှုအကျိုးပြု လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ကန့်သတ်ထားသည်။ ယင်းအဖွဲ့အစည်းများကို သတ်မှတ်ထားသော နယ်မြေများတွင်သာ လုပ်ငန်းဆောင်ရွက် ခွင့်ပြုပြီး ယင်းအဖွဲ့အစည်းများ၏ ဝန်ထမ်းများ သတ်မှတ်ထားသည့် လုပ်ငန်းနယ်မြေများသို့ သွားလာရာတွင် အစိုးရထံမှ တရားဝင်ခွင့်ပြုချက် ရယူရသည်။ ထို့ကြောင့် ယင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကြန့်ကြာမှုများကို မကြာခဏ ရင်ဆိုင်နေရသည်။ ၂၀၀၆ ခုနှစ် ဖေဖေါ်ဝါရီလက စစ်အစိုးရက မြန်မာနိုင်ငံတွင်း လုပ်ငန်းဆောင်ရွက်နေသော ဒေသတွင်းနှင့် နိုင်ငံတကာမှ

[၂] အာရှဖွံ့ဖြိုးရေးဘဏ် ၏ ၂၀၀၂ ခုနှစ် ဧပြီလ အစီရင်ခံစာအရ၊ *ဖွံ့ဖြိုးတိုးတက်လာနေသော စီးပွားရေးဆိုင်ရာ တိမ်းညွတ်မှုနှင့် အလားအလာ။* "အခြေခံပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် ထောက်ပံ့မှုများသိသာစွာ လျော့နည်းလာမှု " "လူတဦးချင်း စီအတွက် ငွေကြေးသုံးစွဲမှုမှာ ပြည်တွင်း အသားတင်ထုတ်လုပ်မှု၏ ၀ ဒသမ ၅ ရာခိုင်နှုန်း ထက်လျော့နည်းနေမှု။ "

အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအတွက် ပို၍တင်းကျပ်သည့် စည်းမျဉ်းသစ်များချမှတ်ခဲ့သည်။[၃] စစ်အစိုးရက ယင်းအဖွဲ့အစည်းများ အားလုံး၏ လုပ်ငန်းများကို ထိန်းချုပ်ရန် နိုင်ငံထိပ်ပိုင်းမှ ကျေးရွာအထိ အဆင့်ဆင့်သော အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးခဲ့သည်။ ကန့်သတ်ချက်အသစ်များကြောင့် ၂၀၀၆ ခုနှစ် မတ်လတွင် ပြင်သစ်အခြေစိုက် နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့ (MSF) သည် မြန်မာနိုင်ငံမှ ထွက်ခွာ သွားသည်။ ၂၀၀၅ ခုနှစ်တွင် AIDS အေ့ဒ်စ်၊ ငှက်ဖျားနှင့် တီဘီရောဂါများအတွက် ထောက်ပံ့နေသော ကုလသမဂ္ဂ၏ ကမ္ဘာ့ရံပုံငွေအဖွဲ့ (Global Fund) နှုတ်ထွက် သွားခဲ့သည်။

ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့၏ စာရင်းအင်းများအရ မြန်မာနိုင်ငံတွင် မိခင်များ သေဆုံးမှုမှာ အလွန်မြင့်မားနေကာ ခန့်မှန်းခြေအားဖြင့် အမျိုးသမီး တစ်သိန်းလျှင် ၂၃၀ ခန့် သေဆုံးနေသည်။ ကျောပိုးအိတ်ကျန်းမာရေး ဆေးလုပ်သားအဖွဲ့က ကရင်၊ ကရင်နီနှင့် မွန်ပြည်နယ်တို့တွင် ၂၀၀၀ခုနှစ်မှစ၍ ကောက်ယူခဲ့သော စစ်တမ်းပေါ် အခြေခံကာ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ***နာတာရှည်ကပ် ရောဂါဆိုး၊ မြန်မာပြည်အရှေ့ပိုင်းမှ ကျန်းမာရေးနှင့် လူ့အခွင့်အရေး အခြေအနေ*** အမည်ရှိ အစီရင်ခံစာထုတ်ခဲ့ရာ၊ ထိုအစီရင်ခံစာအရ ယင်းဒေသများတွင် ကလေးမွေးဖွားသူ တစ်သိန်းလျှင် တစ်ထောင်မှ နှစ်ထောင်အထိ သေဆုံးနေကြောင်း – ပို၍မြင့်မားသော သေနှုန်းကို တင်ပြထားပါသည်။ ဤထိတ်လန့်တုန်လှုပ်ဖွယ်ရာ သေနှုန်းများနှင့် ပတ်သက်၍ စစ်အစိုးရသည် လုံးဝတာဝန်ရှိသူဖြစ်ပြီး ယင်းကိန်းဂဏန်းသည် ကမ္ဘာပေါ်တွင် အမြင့်မားဆုံးဖြစ်သည်။ ယခုတဖန် နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ကန့်သတ်မှုအသစ်များ ထုတ်ပြန်လိုက်ခြင်းက မူလဆိုးဝါးပြီး အခြေအနေများကို ပိုမို၍ ဆိုးဝါးနေစေသည်။

ထို့ပြင် ဆယ်စုနှစ်ပေါင်းများစွာ စစ်အစိုးရ၏ မှားယွင်းသော စီမံခန့်ခွဲမှုများ၊ ထိန်းမရသော လာဘ်စားမှုများနှင့် စစ်အသုံးစရိတ် အလွန်အကျွံသုံးစွဲမှုများကြောင့် ကုလသမဂ္ဂ၏ လူသားဆိုင်ရာ ဖွံ့ဖြိုးမှုညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံ (၅၀) တွင် တနိုင်ငံအပါအဝင် ဖြစ်လာသည်။ ဆင်းရဲမွဲတေမှုက အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မိသားစုကို ထောက်ပံ့နိုင်ရေး ဝင်ငွေရှာဖွေရန် ၎င်းတို့၏နေအိမ် သို့မဟုတ် ပညာသင်ကြားမှုများကို အတင်းအကျပ် စွန့်ခွာစေ၍ ၎င်းတို့အား လူကုန်ကူးခံရမည့်အခြေအနေများသို့ တွန်းပို့နေသည်။ ***အဝေးသို့ တွန်းပို့ခြင်း***[၄] အမည်ရှိ အစီရင်ခံစာတွင် လူကုန်ကူးခံရသော အမှု (၆၃) မှုကို ဖေါ်ပြထားပြီး ယင်းဖြစ်ရပ်များသည် ၂၀၀၀ မှ ၂၀၀၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့ပြီး အမျိုးသမီးနှင့် မိန်းကလေးငယ် (၈၅) ယောက် လူကုန်ကူးခံခဲ့ကာ အများစုမှာ အသက် (၁၄) နှစ် နှင့် (၂၀) နှစ် အကြား

---

[၃] ဥပမာအားဖြင့် ဝန်ကြီးဌာနအဆင့်မှ လုပ်ငန်းစီမံကိန်းကို ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်မှု၊ စီမံကိန်း အကောင်အထည်ဖေါ်မှု၊ လုပ်ငန်းခွင်ရုံးများဖွင့်လှစ်မှုနှင့် မှတ်ပုံတင်မှု၊ ဝန်ထမ်းခန့်ထားမှု၊ ပြည်တွင်းခရီးသွားလာမှု၊ စီမံခန့်ခွဲမှုနှင့် ရုံးပစ္စည်းများဝယ်ယူမှု၊ စသည်တို့ကို ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် (မူရင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးဌာန – မြန်မာနိုင်ငံ။ ၂၀၀၆ခုနှစ်။ ကုလသမဂ္ဂဌာနများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးဌာန၊ ရန်ကုန်)

[၄] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်ဖြစ်သော ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ထုတ်ဝေသော အစီရင်ခံစာ၊ အသေးစိတ်ကို *www.womenofburma.org* တွင်ကြည့်ပါ။

ဖြစ်သည်။ ယင်းလူကုန်ကူးမှုများက စစ်အစိုးရ၏ တိုးမြှင့်ဆောင်ရွက်နေသည် ဆိုသော လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံနည်းလမ်းများ ထိရောက်မှုလုံးဝ မရှိကြောင်း ကို ပြဆိုနေသည်။

စစ်အစိုးရက ယင်းတို့တိုးချဲ့ထားသော စစ်တပ်အခြေခံအဆောက်အဦကို အရှည်သဖြင့် တည်တန့်နေရန် လိုအပ်မှုသည် စစ်တပ်ဖွဲ့ဝင်များအား တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပါဝင်ပတ်သက်မှုများ ပို၍ဖြစ်စေသည်။ မြန်မာနိုင်ငံတွင် ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှုများ အောင်မြင်စွာ လျှော့ချနိုင်ခဲ့ကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ကြေညာနေသည့် တချိန်တည်းမှာပင်၊ မူးယစ်ဆေးမှောင်ခို ရောင်းဝယ်မှုများ တိုးမြင့်ခြင်းအားဖြင့် စစ်တပ်က အမြတ်များ ရနေကြသည်။ ၂၀၀၆ခုနှစ် ဩဂုတ်လက ထုတ်ပြန်လိုက်သော **"*အလိုတူ အလိုပါ*"** [၅] ဆိုသည့် အစီရင်ခံစာတွင် မူးယစ်ဆေးဝါးကုန်ကူးမှုအဆင့်တိုင်း၌ မြန်မာစစ်တပ်၏ ပါဝင်ပတ်သက်မှုများကို သက်သေအထောက်အထားများကို အသေးစိတ်ဖော်ပြထားသည်။ စစ်အစိုးရ၏ ဘိန်းထုတ်လုပ်မှု မြင့်တက်ခြင်းတွင် တိုက်ရိုက် ပါဝင်ပတ်သက်နေခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ တိုးပွားလာခြင်းက ဆေးစွဲသူများ၏ ဇနီးသည်များနှင့် ကလေးငယ်များကို ဆိုးဝါးစွာ ထိခိုက်နေစေသည် ဟု ***အဆိပ်သင့်ပန်းများ*** [၆] အမည်ရှိ အစီရင်ခံစာတွင် ဖော်ပြထားသည်။ မဖြစ်စလောက်သော ပညာရေးနှင့် ကျန်းမာရေး ထောက်ပံ့မှုများနှင့်အတူ အလွန်အမင်း ဆင်းရဲမွဲတေမှုအောက်တွင် နေထိုင်နေကြရသော အမျိုးသမီးများသည် မိမိတို့ မိသားစုကို ပံ့ပိုးရန် တဦးတည်း ရုန်းကန်ကြရသော အခြေအနေသို့ အတင်းအကြပ် ရောက်ရှိစေသည်။ အချို့ မိသားစုများတွင် သားသမီး (၁၀) ယောက်အထိ များပြားတတ်ကြပါသည်။

## စစ်အစိုးရက အမျိုးသမီးများအပေါ် အစီအစဉ်ချ အကြမ်းဖက်နေမှုများကြောင့် ဖြစ်ပေါ်နေသော အကျိုးဆက်များ

မြန်မာနိုင်ငံတွင် စစ်အစိုးရ၏ ကာလကြာမြင့်စွာအုပ်စိုးထားမှုအောက်တွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရသည့်အပြင်၊ တိုးများလာနေသော အကြမ်းဖက်မှုများကို ခံစားနေကြရသည်။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အမျိုးမျိုးအတွက် ၎င်းတို့သည် စစ်သားများ၏ ပစ်မှတ်များအဖြစ် သတ်မှတ်ခံကြရသည်။ မုဒိမ်းမှုသည် နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်ထားသည့် စစ်ရာဇဝတ်မှုဖြစ်သည်။ မုဒိမ်းမှုသည် နယ်မြေနှင့် သယံဇာတအရင်းအမြစ်များအပေါ် ထိမ်းချုပ်ရန်ရည်ရွယ်၍ လူမျိုးစုတိုင်းရင်းသားများအပေါ် ထိုးနှက်ရန်၊ အရှက်တကွဲ ဖြစ်စေရန်၊ စိတ်ဓါတ်ကျဆင်းစေရန်အတွက် စစ်အစိုးရတပ်ဖွဲ့များ ကျင့်သုံးနေသည့် စစ်ပွဲနည်းဗျူဟာတခု ဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သာမက အခြား မြန်မာနိုင်ငံအရေးကို ပူးပေါင်းဆောင်ရွက်နေသော လူ့အခွင့်အရေးအဖွဲ့များက တနိုင်ငံလုံး အတိုင်းအတာဖြင့် စစ်အစိုးရ၏ အစီအစဉ်ချ ကျူးလွန်နေသည့် မုဒိမ်းမှုများနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို အစီရင်ခံစာများ ထုတ်ပြန်၍ တင်ပြခဲ့ကြသည်။ ယင်းကျူးလွန်မှုများသည် တိုင်းရင်းသားလူမျိုးစု နယ်မြေများတွင် အများအားဖြင့် ဖြစ်ပွားခဲ့သည်။

---

[၅] ရှမ်းသံတော်ဆင့် သတင်းဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ။ အသေးစိတ်ကို *www.shanland.org* တွင် ကြည့်ပါ။

[၆] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏အဖွဲ့ဝင်ဖြစ်သော ပလောင်အမျိုးသမီး အစည်းအရုံးမှ ထုတ်ပြန်သော အစီရင်ခံစာ ။ အသေးစိတ်ကို *www.womenofburma.org* တွင်ကြည့်ပါ။

၁၉၉၆ ခုနှစ် နှင့် ၂၀၀၁ ခုနှစ်အတွင်း၌ ရှမ်းပြည်နယ်ရှိ အစိုးရတပ်ရင်း (၅၂) ရင်းမှ စစ်သားနှင့် အရာရှိများ ကျူးလွန်ခဲ့သော မုဒိမ်းမှု (၁၇၃) မှုနှင့် အမျိုးသမီးနှင့် မိန်းကလေး (၆၂၅) ယောက် အပေါ် ကျူးလွန်သော အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးကို ၂၀၀၂ ခုနှစ်တွင် ***မုဒိမ်းကျင့်ခွင့်လိုင်စင်*** [၇] အမည်ရှိ အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။

၁၉၈၈မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၁၂၅) မှုကို ၂၀၀၁ ခုနှစ်တွင် ***တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း*** [၈] အမည် ရှိ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ ယင်းမှုခင်းများ၏ တစ်ဝက်ခန့်မှာ စစ်အစိုးရစစ်တပ်မှ အဆင့်မြင့် အရာရှိများက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအရှေ့ပိုင်း မွန်ပြည်နယ်ရှိ အပစ်အခတ်ရပ်စဲထားသောဒေသတွင် မြန်မာ စစ်အစိုးရ တပ်များက အသက် (၁၄) နှစ်မှ (၅၀) အတွင်းရှိ အမျိုးသမီးနှင့် မိန်းကလေး (၅၀) ယောက်အပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ၂၀၀၅ ခုနှစ်တွင် ***စစ်ဘားတိုက်များဆီသို့ အလှပြ လျှောက်သွားခြင်း*** [၉] အမည်ဖြင့် ထုတ်ပြန် ခဲ့သည်။ ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်းတွင် ရေးမြို့နယ် တောင်ပိုင်းရှိ ကျေးရွာ (၁၅) ရွာမှ အမျိုးသမီးများကို လိင်ကျွန်ပြုရန်အတွက် အဓမ္မကောက်ယူခဲ့ကြောင်းနှင့် စစ်တပ်အရာရှိများကို ဖြေဖျော်ရန်အတွက် ကျောင်းသူများပင် အတင်းအကြပ် ကိုယ်ဟန်ပြ လမ်းလျှောက်စေခဲ့ကြောင်း တင်ပြထားသည်။

အစီရင်ခံစာများက ထုတ်ဖော်ထားသည့် အမျိုးသမီးများအပေါ် နိုင်ငံရေးအရ ကျူးလွန် နေသော မုဒိမ်းမှု အရေအတွက်စာရင်းများကို ကြည့်ပါက များပြားလှသည် တွေ့ရမည်ဖြစ်သည်။ အပြစ်ပေး အရေးယူခြင်းမရှိသည့်စနစ်၊ အကြောက်တရားလွှမ်းမိုးသည့် အစဉ်အလာနှင့် လက်တုံ့ ပြန် ရန်မူခံရခြင်း စသည်တို့က တစုံတယောက်ထံ မုဒိမ်းကျင့်ခံရသူ အမျိုးသမီးများက တိုင်ကြား ခြင်း မပြုအောင် တားဆီးနေသောကြောင့် အစီရင်ခံစာများတွင် တင်ပြထားသော ကိန်းဂဏန်းများ မှာ စစ်တပ်၏ အမှန်တကယ်ကျူးလွန်သော မုဒိမ်းမှုနှင့် လိင်အကြမ်းဖက်မှုအရေအတွက် တစိတ် တပိုင်းမျှသာ ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုရပေမည်။

၎င်းအစီရင်ခံစာများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အလေးအနက်ထား တုံ့ပြန် ခဲ့ရာ ၂၀၀၂ ခုနှစ်မှ စ၍ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နှင့် အထွေထွေညီလာခံ တို့တွင် လိင်အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး၊ စစ်အစိုးရထံသို့လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ကန့်ကွက်စာများ ပေးပို့ခဲ့သည်။ သို့သော်လည်း အမျိုးသမီးများနှင့် မိန်းကလေးများမှာ ယနေ့ တိုင် မုဒိမ်းကျင့်ခံနေကြရဆဲ ဖြစ်သည်။

---

[၇] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏အဖွဲ့ဝင် – ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်းနှင့် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ပူးတွဲထုတ်ဝေသော အစီရင်ခံစာ။ အသေးစိတ်ကို www.shanwomen.org နှင့် www.shanland.org တွင် ကြည့်ပါ။

[၈] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏အဖွဲ့ဝင်ဖြစ်သော ကရင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ပြန်သော အစီရင်ခံစာ။ အသေးစိတ်ကို www.karenwomen.org တွင် ကြည့်ပါ။

[၉] အမျိုးသမီးနှင့် ကလေးများဆိုင်ရာအခွင့်အရေး လုပ်ငန်းစီမံချက်။ မွန်ပြည် လူ့အခွင့်အရေးဖေါင်ဒေးရှင်းမှ ထုတ်ဝေသော အစီရင်ခံစာ။ အသေးစိတ်ကို www.rehmonnya.org/catwalk-to-the-barracks.php တွင်ကြည့်ပါ။

၂၀၀၂ ခုနှစ်မှ ယနေ့အထိ ရှမ်းပြည်နယ်၌ အနည်းဆုံး အမျိုးသမီးနှင့် မိန်းကလေး ပေါင်း (၂၅၂) ယောက်ခန့်သည် တပ်ရင်း (၄၂) ရင်းမှ စစ်သားများ၏ မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရသည်။ ယခုနှစ် ဇန္နဝါရီမှ ဧပြီလအတွင်း၌ပင် ရှမ်းပြည်နယ်တွင် အနည်းဆုံး ပလောင်အမျိုးသမီး (၂၉) ဦးသည် စစ်တပ်မှ အရာရှိနှင့်စစ်သားများ၏ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု၊ လိင်ကျွန်ပြုမှုနှင့် သေသည့်တိုင် နှိပ်စက် ညှဥ်းပန်းမှုများ အပါအဝင် လိင်အကြမ်းဖက်မှုများ ခံခဲ့ကြရသည်။ အမျိုးသမီးနှင် မိန်းကလေး ငယ်များသည် ကင်းလှည့်လာသော စစ်သားများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရကာ (၅) ညခန့် လိင်ပိုင်းဆိုင်ရာအစော်ကားခံခဲ့ကြရသည်။ ကျေးရွာတရွာတွင် အမျိုးသမီးများသည် ကြိုးတုတ်ခံ ထားရသော ၎င်းတို့ ခင်ပွန်းများရှေ့မှောက်တွင် မုဒိမ်းကျင့်ခံကြရသည်။ စစ်သားမှ ဆွံ့အ နေသော အမျိုးသမီးတဦးကို သေသည့်တိုင် ရိုက်နှက်၍ ရွာပြင်၌ ပစ်ထားခဲ့သည့် အမှုတခုလည်း ရှိခဲ့သည်။

ထိုလုပ်ရပ်များသည် အမျိုးသမီးများအပေါ်တွင် ကျူးလွန်နေသော အကြမ်းဖက်မှုများ ဖြစ်ပြီး နိုင်ငံတကာ သဘောတူစာချုပ်များက စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်ထားသည်။ "*ထိုကဲ့သို့ အမျိုးသမီးများအပေါ် ဆိုးဆိုးဝါးဝါး ခွဲခြား ဆက်ဆံမှုသည် အမျိုးသားများနှင့် တန်းတူညီ စေမည့် အခြေခံအချက်ဖြစ်သော အခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ခံစားနိုင်သည့် အမျိုးသမီးများ၏ စွမ်းရည်များကို ကန့်သတ်နေသည်။*" ***(CEDAW General Recommendation No.19)*** ယင်းကဲ့သို့သော အကြမ်းဖက်မှုများသည် အောက်ပါ အခွင့်အရေးနှင့် လွတ်လပ်မှုများကို ချိုးဖောက် နေသည်။ ယင်းတို့မှာ အသက်ရှင်နေထိုင်ခွင့်၊ ညှဥ်းပန်းနှိပ်စက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု၊ ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အရေးယူမှုများမှ ကင်းလွတ်ခွင့်၊ နိုင်ငံတကာ သို့မဟုတ် ပြည်တွင်းစစ်ပွဲများတွင် လူသားဆိုင်ရာ စံအရ တန်းတူအကာအကွယ် ပေးခံရမှု၊ တဦးချင်းစီ၏ လွတ်လပ်လုံခြုံစွာနေထိုင်ပိုင်ခွင့်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအရ အမြင့်ဆုံး စံကို ရယူခံစားပိုင်ခွင့် တို့ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပြစ်ဒဏ်ခတ် အရေးယူသည့်စနစ် မရှိမှုနှင့် နိုင်ငံရေးအရ ဖြစ်ပေါ်တိုးတက်မှုများ လုံးဝကင်းမဲ့နေမှုများကြောင့် စစ်ရာဇဝတ်မှုဖြစ်သော နိုင်ငံရေးအရ မုဒိမ်းကျင့်မှုများ ဆက်လက်ဖြစ် ပွားနေခြင်းဖြစ်သည်။ ထို့အပြင် စစ်အစိုးရက အာဏာကို တင်းကြပ်စွာ ဆက်လက် ဆုပ်ကိုင်ထားပြီး ကုလသမဂ္ဂက စစ်အစိုးရအပေါ် တိကျ၍ ပြင်းထန်သော အရေးယူမှုများ မရှိ၍လည်း ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ စစ်ရာဇဝတ်မှုများသည် စစ်တပ်အတွင်းမှ ဆိုးသွမ်းသူများကြောင့် သာမက စစ်အစိုးရ၏ လုပ်နည်းလုပ်ဟန်အပေါ် ဗဟိုပြုဖြစ်ပွားနေခြင်း ဖြစ်ကြောင်း အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ထပ်မံ ထောက်ပြလိုပါသည်။ ယင်းပြစ်မှုများသည် အစီအစဥ်တကျ ဆက်စပ် တည်ရှိနေသည်။ မြန်မာတနိုင်ငံလုံးတွင် တပုံစံတည်းသော မုဒိမ်းမှုများ နေရာအနှံ့ ဖြစ်ပွားနေသည်။ စစ်သားများသည် မုဒိမ်းမှုကျူးလွန်သောကြောင့် အပြစ်ဒဏ်ခတ်ခံရမည် မဟုတ်ဟု စိတ်ချယုံကြည်နေကြကာ၊ သူတို့သည်သာ အကြွင်းမဲ့အာဏာကို ချုပ်ကိုင်ထားကြောင်း သိရှိနေကြသည်။ ထို့ကြောင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် လူမှုအသိုင်းအဝိုင်းက လက်တုံ့ပြန် အရေးယူခံရမည်စိုး၍ မတိုင်ကြားရဲကြပေ။ စစ်တပ်မှ မုဒိမ်းကျင့်ခြင်းနှင့် လိင်အကြမ်း ဖက်မှုကို အရေးမယူဘဲ ထားခြင်းသည် စစ်ပွဲဖြစ်ပွားရာဒေသများတွင် သာမက စစ်အစိုးရက ထိန်းချုပ်ထားသော အပစ်အခတ် ရပ်စဲထားသည့် ဒေသများတွင်ပါ ဖြစ်ပွားနေသည်။ မုဒိမ်းကျင့်မှုကို စစ်အစိုးရက တရားဝင်လျစ်လျူရှုထားသောကြောင့် စစ်တပ်ဖွဲ့ဝင် များသည် မုဒိမ်းမှု ကျူးလွန်ရာတွင် ပိုမိုအတင့်ရဲလာကာ လူမြင်ကွင်း၌ မုဒိမ်းကျင့်သည်ကိုပင် ရှက်ရ ကြောက်ရမှန်း မသိကြတော့ပေ။

## ပြည်တွင်းနေရာ အိုးအိမ်မဲ့နှင့် ဒုက္ခသည်အမျိုးသမီးများအတွက် ကာကွယ်စောင့်ရှောက်မှု၊ အခြေခံ လိုအပ်ချက်နှင့် လူမှုရေးဝန်ဆောင် လုပ်ငန်းမရှိခြင်း

စစ်အစိုးရ၏ ထိုးစစ်များ၊ စစ်ရာဇဝတ်မှုများ၊ လိင်အကြမ်းဖက်မှုအပါအဝင် လူသားမျိုးပျက်သုဉ်းမှုဆိုင်ရာ ရာဇဝတ်မှုများနှင့် စစ်အစိုးရ၏ ဖိနှိပ်သောမူဝါဒများကြောင့် ဖြစ်ပေါ်လာသော အလွန်အမင်း ခက်ခဲကြပ်တည်းမှုများသည် မြန်မာပြည်သူများအား ပြည်တွင်း နေရာအိုးအိမ်မဲ့ ဒုက္ခသည် (IDP) နှင့် အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည် ဖြစ်လာစေသည့် အဓိက တရားခံ ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ပြည်တွင်းနေရာအိုးအိမ်မဲ့ ဒုက္ခသည်အရေအတွက် (၆) သိန်း ခန့်ရှိကာ အများစုသည် ကရင်၊ ကရင်နီ၊ ရှမ်း၊ ထားဝယ်နှင့် မွန်တိုင်းရင်းသား လူမျိုးများ ဖြစ်ကြသည်။ ထို့ပြင် အိမ်နီးချင်းတိုင်းပြည်များ ဖြစ်သည့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့တွင် ဒုက္ခသည် ပေါင်း ခန့်မှန်းခြေ (၇၂၇ ၁၀၀) ခန့် ရောက်ရှိနေကြသည်။[၁၀] အမှန်တကယ်တည်ရှိသော ကိန်းဂဏန်းများမှာ ယခုဖော်ပြထားသည်ထက် ပိုနိုင်ပါသည်။

အိုးအိမ်စွန့်ခွာ၍ အခြေပျက်အနေပျက် ထွက်ပြေးလာချိန်တွင် အမျိုးသမီးများနှင့် ကလေးငယ်များသည် အလွန်ကြီးမားသည့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ကြရသည်။ သန့်ရှင်းမှု မရှိသော နေရာတွင် နေထိုင်ရမှု၊ အစားရေစာ ပြတ်လပ်မှု၊ ဆေးဝါးနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများအတွက် အကူအညီ မရရှိခြင်းတို့က မွေးကင်းစသေဆုံးမှုနှင့် အသေအပျောက်နှုန်းထားများကို ပို၍ တိုးမြင့်စေသည်။

အထူးသဖြင့် ထိုင်းနိုင်ငံသို့ ဝင်ရောက်လာကြသော ရှမ်းပြည်နယ်မှ ဒုက္ခသည်များသည် ဒုက္ခသည် အဖြစ် အသိအမှတ် အပြုမခံကြရပေ။ ၎င်းတို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ အကူအညီပေးနေသော ဒုက္ခသည်စခန်းများလည်း မရှိပေ။ ထို့ကြောင့် ၎င်းတို့သည် ရွှေ့ပြောင်း အလုပ်သမားများ အဖြစ်ဖြင့် ညစ်ပတ်သော၊ ခက်ခဲသော၊ အန္တရာယ်များသော အလုပ်များကို မိသားစု အသက်ရှင်ရပ်တည်မှုအတွက် လုပ်ကိုင်ကြရကာ လုံလောက်သော လုပ်အားခများ မရရှိသည့်အပြင် တရားမဝင်နေထိုင်ကြရသည်။ ၎င်းတို့သည် ခေါင်းပုံဖြတ်ခံရသော အခြေအနေများတွင် အလုပ်လုပ်ကိုင်ကြရပြီး မတရားစော်ကားခံရလွယ်သော အနေအထား၌ ကျရောက်နေသည်။

အိန္ဒိယနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဒုက္ခသည် (၇) သောင်းခန့် ရှိပြီး အများစုမှာ မြန်မာနိုင်ငံနယ်စပ် ဒေသတွင် နေထိုင်နေကြကာ (၁၈၀၀) ခန့်မှာ နယူးဒေလီမြို့ ရှိ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်နေကြသည်။

---

[၁၀] သတင်းဇစ်မြစ်။ ကမ္ဘာ့ ဒုက္ခသည်များဆိုင်ရာ စစ်တမ်း။ ဒီဇင်ဘာ ၂၀၀၅။
*<http://www.refugees.org/data/wrs/06/docs/principal_sources_of_ refugees.pdf>*

## အမျိုးသမီးများနှင့် မိန်းကလေးများသည် အလုပ်ရှင်၏ မုဒိမ်းကျင့်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုအမျိုးမျိုးနှင့် အတင်းအကျပ် လက်ထပ်မှုများ

၂၀၀၀ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက အိန္ဒိယနိုင်ငံရှိ ဒုက္ခသည်များကို တတိယနိုင်ငံများတွင် အခြေချနေထိုင်ရန် ထောက်ခံပေးမှုကို ရပ်ဆိုင်းလိုက်သည့်အပြင် ကလေးများ၏ ကျောင်းလခ အပါအဝင် ထောက်ပံ့ကြေးများကို ဖြတ်တောက်လိုက်သောကြောင့် ဒုက္ခသည်များအတွက် ကြီးမားသော အခက်ကို တွေ့စေသည်။ အထူးသဖြင့် အမျိုးသမီးများအား မိသားစုကို ကျွေးမွေးရန် ညအခါတွင် ဈေးများ၌ စွန့်ပစ်ထားသော အစားအစာများနှင့် ဟင်းသီးဟင်းရွက်များကို သွားရောက်ကောက်ယူရသော အခြေအနေသို့ အတင်းအကြပ် တွန်းပို့ခဲ့သည်။ အချို့အမျိုးသမီးများ ညအချိန်တွင် ဈေးများ၌ အစားအစာများရှာဖွေစဉ် မုဒိမ်းကျင့်ခံရသည့် သတင်းများလည်း ရရှိသည်။

အသိအမှတ်အပြုခံရသော ဒုက္ခသည်ဖြစ်စေ၊ သို့မဟုတ် အသိအမှတ် အပြုမခံရသော ဒုက္ခသည်ဖြစ်စေ၊ ရွှေ့ပြောင်း အလုပ်သမားဖြစ်စေ မြန်မာပြည်နေရာဒေသ အသီးသီးမှ ရောက်ရှိလာသော အမျိုးသမီးတိုင်းသည် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် အသက်ရှင်နေထိုင်မှုဆိုင်ရာ အတတ်ပညာများနှင့်အတူ လူသားများအဖြစ် အခြေခံရပိုင်ခွင့် ဆိုင်ရာ သတင်းအချက်အလက်များပင် မရရှိကြပေ။ အခြေခံအားဖြင့် သူတို့ရောက်ရှိနေရာ နိုင်ငံတွင် နိုင်ငံမဲ့များအဖြစ်နှင့် တရားမဝင်နေထိုင်သူများအဖြစ် နေထိုင်ကြရသည်။ သို့ကြောင့် မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ဖမ်းဆီးခံရမှု၊ နေရပ်ရင်းသို့ ပြန်ပို့ခံရမှုစသည့် ခြိမ်းခြောက်မှုများနှင့် တွေ့ကြုံကြရကာ ၎င်းတို့ ခေတ္တနေထိုင်နေရသော နိုင်ငံတွင် ပြည်တွင်းဥပဒေအရ ထိရောက်သော ကာကွယ်ပေးမှုများ အနည်းအကျဉ်းသာ ရရှိသည်။

*ဒုက္ခသည်နှင့် ရွှေ့ပြောင်းအလုပ်သမားလူအသိုင်းအဝိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများ၏ အရေးပေါ် လိုအပ်ချက်များမှာ–*

- အကာအကွယ်ပေးမှု၊ လူသားချင်းဆိုင်ရာ အခြေခံအထောက်အပံ့များနှင့် လူမှု အသိုင်းအဝိုင်းကို အခြေခံသော ထောက်ပံ့မှုစနစ်များ
- ၎င်းတို့နှင့် အနီးကပ် လုပ်ကိုင်ကူညီပေးနေသော ဒေသခံအဖွဲ့အစည်းများအား အကာအကွယ်ပေးမှု
- လူမှုအဖွဲ့အစည်းကို အခြေပြုသော နည်းဗျူဟာနှင့် အရေးယူဆောင်ရွက်မှုများအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို သိရှိနားလည်ရန်နှင့် ကာကွယ်ရန် အတွက် မြန်မာနိုင်ငံမှ လာသော အမျိုးသမီးအဖွဲ့အစည်းများအတွက် စွမ်းရည်မြှင့်တင်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရေး

**မြန်မာပြည်သူများ ရင်ဆိုင်နေရသော ပြဿနာများ၏ အဓိက အရင်းအမြစ်မှာ လက်ရှိ ကျင့်သုံးနေသော စစ်အာဏာရှင် စံနစ်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ (၁၉၉၁ ခုနှစ်မှ စ၍) နှင့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင် (၁၉၉၂ ခုနှစ်မှ စ၍) က နှစ်စဉ် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များတွင် နေရာအနှံ့ ဖြစ်ပွားနေသော မုဒိမ်းမှုများအပါအဝင် လက်ရှိမြန်မာစစ်အစိုးရ၏ အစီအစဉ်ချ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ခဲ့ပြီး နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ လုပ်ရန် တောင်းဆိုခဲ့သည်။ စစ်အစိုးရက ဆုံးဖြတ်ချက်တိုင်းကို လျစ်လျူရှုကာ ငြင်းပယ်ခဲ့သည်။ လက်ရှိ ကျူးလွန်နေသော စစ်ရာဇဝတ်မှုများကို ရပ်တန့်၍ တွေ့ဆုံဆွေးနွေးမှုများ စတင်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် *ပေါ်လို ဆာဂျီယို ပီညဲရိုး၊* ကုလသမဂ္ဂ အထူးကိုယ်စားလှယ် *ရာဇာလီ အစ္စမေးလ်၊* ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် *အီဗရာဟင် ဂမ်ဘာရီ* နှင့် အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင် စစ်အစိုးရအား ဆွဲဆောင်စည်းရုံးသော ကြိုးပမ်းခဲ့မှုများသည်လည်း မအောင်မြင်ခဲ့ပေ။ စစ်အစိုးရသည် ကုလသမဂ္ဂ ဌာနများ အထူးသဖြင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ လိုက်နာဆောင်ရွက်ရမည့် အကြံပြုချက်များကို အစဉ်မပြတ် ငြင်းဆန်နေခဲ့သည်။

**မြန်မာနိုင်ငံမှ ဒုက္ခသည်အမျိုးသမီးများ၏ ငြိမ်းချမ်းရေးတောင်းဆိုမှု**

အမျိုးသမီးများအပေါ် လွှမ်းမိုးနေသော စိတ်ဆန္ဒများမှာ မြန်မာနိုင်ငံတွင်းရှိ မိမိတို့ ဆွေစဉ်မျိုးဆက် နေထိုင်ခဲ့ရာ နေရပ်ရင်းသို့ပြန်၍ အကြမ်းဖက်မှုများကို ကြောက်လန့်နေရမှုမှ ကင်းဝေးကာ ငြိမ်းငြိမ်းချမ်းချမ်းနှင့် နေလိုသော ဆန္ဒဖြစ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်း အားလုံး ပါဝင်၍ စစ်ပွဲများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အမြန်ဆုံးအဆုံးသတ်ရန်နှင့် စစ်တပ်အုပ်ချုပ်မှုကို အဆုံးသတ်စေရန် အမျိုးသမီးများက လိုလားကြသည်။ အမျိုးသမီးများသည် တိုင်းရင်းသား လူမျိုးစုနယ်မြေများမှ မြန်မာစစ်တပ်ဖွဲ့များကို ရုတ်သိမ်း၍ ကြောက်ရွံ့မှုနှင့် အစော်ကားခံရမှုများမှ ကင်းဝေးခွင့် ရလိုကြသည်။

ထို့ကြောင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က လုံခြုံရေးကောင်စီသို့ အောက်ပါ အချက်များ တိုက်တွန်း လိုပါသည်။

- လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် *၁၃၂၅* ၏ အပိုဒ် *၈၊ ၁၀၊ ၁၁၊ ၁၂* တို့ကို အခြေခံ၍ မြန်မာနိုင်ငံ အရေးကို ဝင်ရောက်အရေးယူ ဆောင်ရွက်ရန်
- လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် *၁၃၂၅* ၏ အပိုဒ် *၁၊ ၇၊ ၈၊ ၁၃၊ ၁၄၊ ၁၅* တို့ကို ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းတိုင်းက လိုက်နာစေအောင် ဆောင်ရွက်ရန်

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က လုံခြုံရေးကောင်စီ၏အဖွဲ့ဝင်များနှင့် အခြားနိုင်ငံများအား အောက်ပါအတိုင်း တောင်းဆိုပါသည်။**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေးကို ဆောင်ကျဉ်းပေးရန်အတွက်

၁) မြန်မာစစ်အစိုးရကို တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရန်၊ အရပ်သားများအပေါ် ကျူးလွန်နေသော စစ်ရာဇဝတ်မှုများ ချက်ခြင်းရပ်တန့်ရန်နှင့် စစ်တပ်ဖွဲ့များကို တိုင်းရင်းသား နယ်မြေများမှ ရုတ်သိမ်းရန်အတွက် ဖိအားပေးခြင်း

၂) နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ ပါဝင်သော သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို စတင်ခြင်း (*A/C.3/58/L.68/Rev.1 ၂၀၀၃ ခုနှစ်၊ ၅၈ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ မြန်မာနိုင်ငံ လူ့အခွင့် အရေး အခြေအနေနှင့် ပတ်သက်သော ဆုံးဖြတ်ချက် အပိုဒ် အမှတ် ၄ဒီ၊ ၅ အိတ်ချ် အရ)*

၃) မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျူးလွန်နေသော စစ်ရာဇဝတ်မှုများ ရပ်တန့်မှု မရှိမချင်းနှင့် စစ်မှန်သော ဒီမိုကရေစီသို့ ပြောင်းလဲမှုမရှိမချင်း မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများအားလုံး ဆိုင်းငံ့ထားရန်နှင့် စစ်အစိုးရအားပေးနေသည့် ချေးငွေများအားလုံး ရပ်ဆိုင်းထားခြင်း

၄) မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျူးလွန်နေသော စစ်ရာဇဝတ်များ ရပ်တန့်မှု မရှိမချင်းနှင့် စစ်မှန်သော ဒီမိုကရေစီသို့ ပြောင်းလဲမှုတို့ မရှိမချင်း စစ်လက်နက်ပစ္စည်း တင်သွင်းမှုများ အပါအဝင် စစ်အစိုးရအပေါ် ကျယ်ပြန့်သော ပိတ်ဆို့အရေးယူမှုများကို ကုလသမဂ္ဂ၏ သက်ဆိုင်ရာဌာနများက တာဝန်ယူ ဆောင်ရွက်ရေးကို တောင်းဆိုခြင်း

၅) မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုများပြုလုပ်ရာတွင် အမျိုးသမီးများ ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများ၌ ရှိနေစေရေးနှင့် အမျိုးသမီးအပေါ် သက်ရောက်မည့် အကျိုးဆက်များကို ထည့်သွင်း စဉ်းစားရန် လိုအပ်ခြင်း

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး၊ လူမှုအသိုင်းအဝိုင်းကို အခြေပြုသော နည်းဗျူဟာများ၊ အရေးယူ ဆောင်ရွက်ချက်များအားဖြင့် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်ရေးနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ လုပ်ငန်းအဆင့်တိုင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် အမျိုးသမီးများ၏ ပါဝင်မှု တိုးမြင့်လာစေရန်အတွက် မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်မားရေးကို ဆောင်ရွက်ပေးခြင်း။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က လုံခြုံရေးကောင်စီနှင့် အခြားနိုင်ငံများအား အောက်ပါ အချက်များ တောင်းဆိုပါသည်။**

*မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအား–* ကုလသမဂ္ဂ ဒုက္ခသည်ရေးရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်းဆောင်ရွက်စေရေး အတွက် တိုက်တွန်းရန်

*နိုင်ငံတကာအသိုင်းအဝိုင်းအား–*

- ၎င်းတို့ နိုင်ငံများတွင် ခိုလှုံခွင့် တောင်းခံနေသော အရပ်သားများအားလုံးအား ဒုက္ခသည် များဆိုင်ရာ သဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း နိုင်ငံတကာ ကာကွယ် စောင့်ရှောက်မှုပေးရန်

- ၎င်းတို့နိုင်ငံတွင် နေထိုင်လျက်ရှိသော ဒုက္ခသည်များ၏ အခြေခံဝန်ဆောင်မှုများနှင့် နေအိမ်များ ရရှိရေး အထောက်အကူပေးရန်၊ အထူးသဖြင့် အမျိုးသမီးများအတွက် မျိုးပွားသားဖွားခြင်း ဆိုင်ရာ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများပေး၍ ဒုက္ခသည်များ အသက်ရှင် ရပ်တည်ရေး အတွက် ဝင်ငွေရနိုင်သော အခွင့်အလမ်းများပေးရန်

- ပြည်တွင်းရှိ အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသော ဒုက္ခသည်များအား နယ်စပ်ဖြတ်ကျော် ထောက်ပံ့နေသည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ကူညီထောက်ပံ့ ပေးခြင်းများ ခွင့်ပြုရန်

- မုဒိမ်းကျင့်ခံခဲ့ရသူနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများကို သူတို့ရောက်နေသော နိုင်ငံများတွင် စိတ်ပိုင်းဆိုင်ရာနှင့် ဆေးဝါးပိုင်းဆိုင်ရာ အပါအဝင် လိုအပ်သော ဝန်ဆောင်မှု နှင့် ထောက်ကူမှုများပေးရန်၊

- အကြမ်းဖက်မှုခံခဲ့ရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအား ကူညီထောက်ပံ့ပေးနေ သော သို့မဟုတ် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ ရပ်တန့်သွား စေရန် ဆောင်ရွက်နေသော လူတဦးချင်းစီနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံ ရေးအတွက် အာမခံပေးရန်

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့် တိုင်းရင်းသားအမျိုးသမီးအဖွဲ့အစည်းအသီးသီးဖြင့် စုပေါင်းဖွဲ့စည်း ထားသော ပထမဦးဆုံး အဖွဲ့ ဖြစ်သည်။ ဤအဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ အဆင့်အတန်း တိုးတက်မြင့်မား လာစေရေးနှင့် အရည်အချင်းပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံး ချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။


**Women's League of Burma (WLB)**

P.O. Box 413 GPO
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဖွဲ့ဝင် အဖွဲ့အစည်းများ

မြန်မာ့အမျိုးသမီးသမဂ္ဂ **(BWU)**

ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) **(KWAT)**

ကရင်အမျိုးသမီး အစည်းအရုံး **(KWO)**

ကရင်နီအမျိုးသမီး အစည်းအရုံး **(KnWO)**

ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး **(KWHRO)**

လားဟူအမျိုးသမီး အစည်းအရုံး **(LWO)**

ပလောင်အမျိုးသမီး အစည်းအရုံး **(PWO)**

ပအိုဝ့်အမျိုးသမီး သမဂ္ဂ **(PWU)**

ရခိုင်အမျိုးသမီး အစည်းအရုံး **(RWU)**

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း **(SWAN)**

ထားဝယ်အမျိုးသမီးသမဂ္ဂ **(TWU)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့ **(WRWAB)**